# လက်နက်ကိုင်တော်လှန်ရေးနှင့် အကြမ်းဖက်မှု ဆိုင်ရာ အငြင်းပွားမှုများ

## နိဒါန်း

နိုင်ငံရေး အကြမ်းဖက်မှု လေ့လာရေး သုတေသန လောကမှာ ကနဦး အနေနဲ့ အကြမ်းဖက် သမားတွေရဲ့ စိတ်ထဲကို မြင်အောင်ကြည့်ပြီး၊ ဒီလို အကြမ်းဖက်မှုတွေ ကျူးလွန်လာရခြင်းရဲ့ အခြေခံ လှုံ့ဆော်မှုတွေကို ထိန်းချုပ်နိုင်မှသာ အကြမ်းဖက်မှု နိမ်နင်းရေးကို ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်မယ်လို့ အဆိုရှိကြပါတယ်။ စိတ်ပညာရှင်တဦးဖြစ်တဲ့ Kicklighter က အကြမ်းဖက်မှုဆိုတာကို လူအများက လက်မခံပေမယ့် အကြမ်းဖက်သမားတွေနဲ့ သူတို့အပေါ် ထောက်ခံသူတွေရဲ့ စိတ်ထဲမှာတော့ ကောင်းမွန်တယ်လို့ ယူဆထားချက်တွေ ရှိနေနိုင်တယ်လို့ ဆိုထားပါတယ်။ ဒီလိုယူဆထားချက်တွေဟာ မှားယွင်းနေတယ်ဆိုတာကို အသိပညာပေးမှုတွေ မလုပ်နိုင်မချင်း အကြမ်းဖက်မှုတွေကို ထိထိရောက်ရောက် နိမ်နင်းနိုင်မှာ မဟုတ်ဘူးလို့ သူက ဆိုခဲ့ပါတယ်။ သူ့အဆိုကို လက်ခံပြီး အကြမ်းဖက်မှုတွေ ဖြစ်ပွားလာစေခြင်း၊ ထောက်ခံအားပေးလာစေခြင်းတွေကို လှုံ့ဆော်ပေးတဲ့ ယူဆချက်တွေကို ပညာရှင်အများအပြားက ထပ်မံလေ့လာခဲ့ကြပါတယ်။

နိုင်ငံတကာမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များစွာကို လေ့လာကြည့်ကြရာမှာ တွေ့ရှိခဲ့တဲ့ အချက်တွေကတော့ အကြမ်းဖက်မှုတွေဟာ နိုင်ငံရေး အတွေးအခေါ် အစွန်းရောက်မှု၊ ဘာသာရေး ယုံကြည်ချက် အစွန်းရောက်မှုနဲ့ နိုင်ငံရေးအရ ထွက်ပေါက်ပိတ်မှုတွေကြောင့် ဖြစ်ပေါ်လာရခြင်း ဆိုတာပါပဲ။ ဒီလိုအကြမ်းဖက်မှုတွေကို ကျူးလွန်သူတွေထဲမှာ နိုင်ငံတော်အစိုးရတွေဖြစ်တဲ့ state-actors တွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ Non-state actors တွေပါ ပါဝင်နေကြပါတယ်။ ဒီမိုကရေစီ စနစ် ကျင့်သုံးခြင်းမရှိတဲ့ အာဏာရှင်နိုင်ငံတွေမှာ အစိုးရကိုယ်တိုင်က နိုင်ငံတော်အကြမ်းဖက်မှု (State Terrorism) ကို ကျူးလွန်တတ်မှုတွေ ရှိသလို၊ နိုင်ငံရေးတည်ငြိမ်မှု မရှိတဲ့ နိုင်ငံတွေမှာ တော်လှန်ရေး အဖွဲ့အစည်းတွေက လက်နက်ကိုင်တော်လှန်ရေး စည်းဘောင်ကို ကျော်လွန်ပြီး အကြမ်းဖက် လုပ်ရပ်တွေဆီကို ဦးတည်သွားတတ်တာမျိုးတွေလဲ ရှိပါတယ်။ ပြည်တွင်းရေး ပဋိပက္ခကနေ ဘောင်ကျော်ပြီး နိုင်ငံတကာ ပြည်သူတွေရဲ့ အာရုံစိုက်မှု ခံလာရစေရေးအတွက် ကျူးလွန်တဲ့ Media Terrorism ဆိုတဲ့ အမျိုးအစားကလဲ ရှိပါသေးတယ်။

၁၉၆၈ ခုနစ်တုန်းက E1 Al လေကြောင်းလိုင်းတွေကို ပါလက်စတိုင်း တော်လှန်ရေးသမားတွေက ပြန်ပေးဆွဲမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ပါလက်စတိုင်း တော်လှန်ရေးသမားတွေဘက်က ကြည့်ရင် နိုင်ငံတကာ ပြည်သူတွေရဲ့ အာရုံစိုက်ခံရအောင် ပြုလုပ်တဲ့ နည်းလမ်းတခု ဖြစ်ပေမယ့် ဒီလိုပြန်ပေးဆွဲမှုတွေမှာ အပြစ်မဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရမှုတွေ ပါဝင်လာတဲ့အတွက် နိုင်ငံတကာ လူ့အဖွဲ့အစည်းက တော်လှန်ရေးသမားတွေအနေနဲ့ အသိအမှတ် မပြု ခဲ့ပဲ အကြမ်းဖက်သမားတွေအဖြစ်သာ သတ်မှတ်ခဲ့ကြပါတယ်။

အကြမ်းဖက်မှုတွေထဲမှာ ဘာသာရေးအစွန်းရောက်မှု၊ နိုင်ငံရေးအတွေးအခေါ် အစွန်းရောက်မှုတွေ ကနေ ထွက်ပေါ်လာတဲ့ အကြမ်းဖက်မှုတွေလဲ အများအပြား ရှိပါသေးတယ်။ ဒီလိုအကြမ်းဖက်မှုတွေကို နိုင်ငံတော်အစိုးရတွေကိုယ်တိုင်က နောက်ကွယ်ကနေ ပံ့ပိုးပေးနေတဲ့ state-sponsored terrorism အမျိုးအစားတွေလဲ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်မှုတွေ ဖြစ်ပွားလာခဲ့တာနဲ့ လူအများ သေကြေပျက်စီးရုံမက လူတွေအကြားမှာ အကြောက်တရား ပျံ့ပွားလာတာတွေ ဖြစ်လေ့ရှိပါတယ်။ အကြမ်းဖက်မှုကို ထောက်ခံ အားပေးသူတွေနဲ့ ဆန့်ကျင်သူတွေအကြား နိုင်ငံရေး လိုအပ်ချက် ဆိုတာပေါ် အခြေခံတဲ့ အငြင်းပွားမှုတွေ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။

လူတယောက်တည်းမှာတင် အသက် သုံးနှစ်အရွယ် ကလေးတယောက်ရဲ့ မီးဆိုတာ ပူတယ်၊ မကိုင်ရဘူး ဆိုတဲ့ အသိနဲ့ အသက် သုံးဆယ်အရွယ် လူတယောက်ရဲ့ မီးဆိုတာ ဘယ်လို အသုံးချရမယ်၊ မီးဘေးအန္တရာယ် မဖြစ်အောင် ဘယ်လို ကာကွယ်ရမယ်၊ မီးဘေးသင့်လာရင် ဘယ်လို စီမံဆောင်ရွက်ရမယ် ဆိုတဲ့ အသိတရားတွေ မတူပါဘူး။ ဒီတော့ အတွေးအခေါ် ရေချိန်၊ အယူအဆရေချိန်၊ ပညာအရည်အချင်းရေချိန်၊ အလုပ်အကိုင်နဲ့ တာဝန်ယူမှု ရေချိန်၊ ဘ၀ဖြတ်သန်းမှု ရေချိန်တွေမှာ အမျိုးမျိုး ကွဲပြားခြားနားနေတဲ့ လူတွေအတွင်းမှာ အငြင်းပွားမှုတွေ ဖြစ်တတ်ကြတာ ထုံးစံတခုပါပဲ။ အကြမ်းဖက်မှုဆိုတာနဲ့ ပတ်သက်ပြီး ပါလီမန်တွေ၊ တက္ကသိုလ်ကျောင်းတွေကနေ လမ်းဘေး အရပ်သားစကားဝိုင်းတွေအထိ အငြင်းပွားမှုတွေ ရှိတတ်ပါတယ်။

## အငြင်းပွားမှုများ

အငြင်းပွားမှုတွေထဲမှာ လက်နက်ကိုင်တော်လှန်ရေး (Armed Struggles) ဆိုတာနဲ့ အကြမ်းဖက်မှု (Terrorism) ကို ကွဲကွဲပြားပြား နားမလည်သူတွေက ဒီနှစ်ခုကို ရောထွေးပြီး ငြင်းခုန်လေ့ရှိပါတယ်။ ဒီလိုရောထွေးပြောဆိုမှုတွေဟာ တော်လှန်ရေးတရပ်ရဲ့ လူထုစည်းရုံးရေး လုပ်ငန်းစဉ်ကို သွေဖည်ရာ ရောက်သလို လူထုထောက်ခံမှု စွမ်းအား ကျဆင်းလာအောင် ပြုလုပ်တာနဲ့ အတူတူပါပဲ။ ကမ္ဘာတဝှမ်းလုံးက ပြည်သူလူထုရဲ့ လက်နက်ကိုင်တော်လှန်ရေးနဲ့ အကြမ်းဖက်မှုတွေကို ရှုမြင်ပုံတွေ လုံး၀ မတူညီပါဘူး။

လက်နက်ကိုင်တော်လှန်ရေးဆိုတာကို မြို့ပြပျောက်ကျားစစ်အနေနဲ့ ဆင်နွှဲတာပဲ ဖြစ်ဖြစ်၊ ကျေးရွာအခြေခံပြီး မြို့ကို သိမ်းတာပဲ ဖြစ်ဖြစ် ဘယ်လိုပုံသဏ္ဍာန်နဲ့ ဆင်နွှဲသည်ဖြစ်စေ တရားသော တော်လှန်ရေးဖြစ်ရင် လူထုက ထောက်ခံပါတယ်။ နိုင်ငံတကာကလဲ ထောက်ခံပါတယ်။ ဒါပေမယ့် အကြမ်းဖက်မှုဆိုတာကိုတော့ ပြည်သူလူထုက မထောက်ခံပါဘူး။ နိုင်ငံတကာကလဲ မထောက်ခံပါဘူး။ ဒီလိုအခြေအနေတွေကို လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ဆက်စပ်မဟာမိတ် အဖွဲ့အစည်းတွေ အနေနဲ့ သေသေချာချာ သဘောပေါက် နားလည်ဖို့ လိုပါတယ်။

လက်နက်ကိုင် တော်လှန်ရေးနဲ့ အကြမ်းဖက်မှုအကြားမှာ ခြားထားတဲ့ စည်းဘောင်ဟာ အပြစ်မဲ့ ပြည်သူတွေကို သတ်ဖြတ်ခြင်း ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ ချီတက်လာတဲ့ စစ်ကြောင်းတခုကို မိုင်းဆွဲတိုက်ခိုက်မှု၊ မြို့ပြမှာ စစ်လက်နက်ပစ္စည်းသိုလှောင်ရုံကို ဖုံးခွဲမှုဆိုရင် ဒါဟာ လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပါတယ်။ ဒီလိုမဟုတ်ပဲ ပြည်သူလူထုအကြားမှာ ပစ်မှတ်ကို တိုက်ခိုက်မှုဆိုတာကျတော့ indiscriminate killings ဖြစ်သွားပါတယ်။ ဒါကို အမှန်တရားပါလို့ ဘယ်လိုပဲ Justification လုပ်လုပ် အကြမ်းဖက်မှုဖြစ်သွားပါတယ်။ တော်လှန်ရေးတခုရဲ့ စည်းဘောင်ကို ကျော်သွားပြီး တော်လှန်ရေးသမားတယောက် ထားရှိရမယ့် ကျင့်ဝတ်ကို ချိုးဖောက်လိုက်တာနဲ့ အကြမ်းဖက်သမား တယောက်ဖြစ်သွားပါတယ်။ ဒီလိုလုပ်ရပ်မျိုးတွေကို တော်လှန်ရေး အသိုင်းအဝိုင်းကလဲ ပြတ်ပြတ် သားသား ဆန့်ကျင်ကန့်ကွက်ကြရမှာဖြစ်ပါတယ်။

Justification လိုက်လုပ်ပေးရင် လုပ်သူတွေကို အကြမ်းဖက်မှုကို ထောက်ခံအားပေးသူတွေ ဖြစ်သွားပါတယ်။ ဒီထက် ပိုဆိုးတာက တော်လှန်ရေးလှေကို ပင်လယ်ပြင်မှာ ဝမ်းဗိုက်ဖောက်လိုက်တာနဲ့ အတူတူပါပဲ။ လှေမှောက်တတ်ပါတယ်။ ကမ္ဘာပေါ်မှာ တော်လှန်ရေးစည်းဘောင်ကို ကျော်ပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်လိုက်လို့ အမှန်က အမှားဖြစ်ပြီး ရစရာမရှိအောင် ကြေမွကျဆုံးသွားခဲ့ရတဲ့ တော်လှန်ရေးတွေ အများကြီးပါပဲ။

ကမ္ဘာတဝှမ်းလုံးမှာ လက်နက်ကိုင် တော်လှန်ရေးနဲ့ အကြမ်းဖက်မှုကို ရောထွေး ပြောဆိုတတ်သူ လူနှစ်မျိုး ရှိပါတယ်။ တမျိုးက ကွဲပြားခြားနားမှုကို နားမလည်သူတွေဖြစ်ပါတယ်။ တမျိုးကတော့ နိုင်ငံရေးအစွန်းရောက် အတွေးအခေါ်တွေကြောင့် အကြမ်းဖက်မှုမှန်း သိပါလျက်နဲ့ ဒါကိုထောက်ခံ အားပေးပြီး Terrorist Propaganda of Justification ကို လုပ်ဆောင်နေသူတွေပါ။

ပထမအမျိုးအစားကိုတော့ ကွဲပြားခြားနားမှုကို ရှင်းလင်းပြောဆို အသိပညာပေးရပါမယ်။ ဒုတိယအမျိုးအစားကိုတော့ သူတို့ Justification လုပ်နေတဲ့ အယူအဆတွေဟာ မှားယွင်းကြောင်း အသိပညာပေးခြင်းနဲ့ လိုအပ်လာရင် နှိမ်နင်းအရေးယူခြင်းတွေ ပြုလုပ်ရပါမယ်။ ဒီလိုမဟုတ်ရင် လူ့အဖွဲ့အစည်းအတွင်းမှာ အကြမ်းဖက်မှုကို ထောက်ခံတဲ့ သဘောတရားတွေ ပျံ့နှံ့သွားပြီး၊ လူ့အဖွဲ့အစည်း လုံခြုံရေး (Societal Security) ကို ထိခိုက်စေပါတယ်။ အာဏာရှင်နိုင်ငံတွေရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ တော်လှန်ရေးသဘောတရားတွေ ပျံ့နှံ့သွားရင် အောင်ပွဲကို ဦးတည်စေ ပါတယ်။ အကြမ်းဖက်မှု သဘောတရားတွေ ပျံ့နှံ့သွားရင်တော့ ကျရှုံးခြင်းကို ဦးတည်စေတဲ့ အပြင်၊ အာဏာရှင်စနစ် ကျဆုံးပြီး နောက်ပိုင်းကာလတွေရဲ့ တိုင်းပြည် တည်ဆောက်ရေး ကိုပါ အကြီးအကျယ် ထိခိုက်စေနိုင်ပါတယ်။ တခါတရံမှာ conflict escalation ဖြစ်ပြီး ကမ္ဘာတဝှမ်းလုံးကိုပါ ပျံ့သွားတတ်ပါသေးတယ်။

တကယ်တော့ Global Terrorism ထွက်ပေါ်လာရခြင်းရဲ့ အခြေခံ source ဟာ intra-state conflicts တွေပဲ ဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရတွေက state-terrorism ကျူးလွန်မှုတွေ ရှိလာလို့ နိုင်ငံတကာက ဝင်ရောက်ဖြေရှင်းပေးဖို့ ကြိုးပမ်းနေရမှုတွေ ရှိနေသလို၊ တပြိုင်နက်တည်းမှာပဲ Non-State actors တွေဖြစ်တဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေက political frustration ဖြစ်ပြီး အကြမ်းဖက်မှုတွေ မလုပ်လာအောင်ကိုလဲ စောင့်ကြည့်အကဲခတ်မှုတွေ၊ အသိပညာပေးမှုတွေ လုပ်လာကြရပြန်ပါတယ်။ အကြမ်းဖက်မှုနဲ့ ပတ်သက်နေတဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေရဲ့ စာရင်းတွေကို နိုင်ငံတကာ ပညာရှင်တွေက ရှာဖွေပြုစုပြီး၊ ဒီအဖွဲ့အစည်းတွေကို တော်လှန်ရေး အဖွဲ့အစည်းတွေကနေ အကြမ်းဖက်အဖွဲ့အစည်းတွေ ဖြစ်အောင် တွန်းအားပေး လှုံ့ဆော်လိုက်တဲ့ အတွေးအခေါ်၊ အယူအဆတွေ၊ ခေါင်းဆောင်တွေရဲ့ လွှမ်းမိုးမှုတွေကို လေ့လာဆန်းစစ်နေကြပါတယ်။

အကြမ်းဖက် အတွေးအခေါ်ရှိတဲ့ ခေါင်းဆောင်တွေ တော်လှန်ရေးခေါင်းဆောင်တွေ ဖြစ်လာရင် အလွန်အန္တရာယ် ကြီးမားတဲ့အတွက် ဒီခေါင်းဆောင်တွေကို စုံစမ်းရှာဖွေ ဖော်ထုတ်ပြီး ၄င်းတို့ရဲ့ ငွေကြေးအလှူအယူများကို လေ့လာစောင့်ကြည့်ရေး၊ ၄င်းတို့ ဦးဆောင်တဲ့ အဖွဲ့အစည်းများရဲ့ တော်လှန်ရေးလမ်းစဉ်ကို ဆန်းစစ်လေ့လာရေး၊ နောက်လိုက် အဖွဲ့ဝင်များအတွင်းမှ အကြမ်းဖက်မှုကို ထောက်ခံအားပေးနိုင်ဖွယ် ရှိသူများကို ဖော်ထုတ်ရေး စတဲ့ လိုအပ်တဲ့ လုပ်ငန်းဆောင်တာတွေ ဆက်လုပ်ဖို့ ကိုလဲ နိုင်ငံတကာ လုံခြုံရေးအဖွဲ့အစည်းများက ကြိုးပမ်း ဆောင်ရွက် နေကြရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေချာတာတခုကတော့ အကြမ်းဖက် တော်လှန်ရေး အဖွဲ့အစည်းတွေရဲ့ အမည်တွေဟာ တိုးပွားလာတာသာ ရှိပြီး၊ လျော့နည်းသွားတာ မရှိတဲ့အတွက် အကြမ်းဖက်မှုကို လက်နက်တခုအဖြစ် အသုံးချလိုက်တဲ့ တော်လှန်ရေး အဖွဲ့အစည်းတွေ တိုင်းဟာ အောင်ပွဲနဲ့ ဝေးကွာသွားခဲ့ကြတယ် ဆိုတာပါပဲ။ ဒါကြောင့် လက်နက်ကိုင်တော်လှန်ရေးနဲ့ အကြမ်းဖက်မှုဆိုတာကို ကွဲကွဲပြားပြား နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးနှင့် အကြမ်းဖက်မှု

လက်နက်ကိုင်တော်လှန်ရေး (A/S)၊ တော်လှန်ရေးစစ်ပွဲ Guerrillas Warfare (GW)၊ သူပုန်ထမှု Insurgency၊ တော်လှန်ရေး (Revolution) A မျိုးသားလွတ်မြောက်ရေး (National Liberation) စတာတွေA ားလုံးဟာ Political Violence A မျိုးA စားတွေပဲ ဖြစ်ပါတယ်။ Political Violence ဆိုတာက လူသားသမိုင်းနဲ့ A တူမွေးဖွားလာခဲ့တာဖြစ်ပါတယ်။ မတရားမှုတွေက ဥပဒေဖြစ်လာတဲ့A ခါ တော်လှန်ပုန်ကန်မှုဆိုတာ လူ့တာဝန်တရပ် ဖြစ်လာပါတယ်။ ဒီတာဝန်ကို ကမ္ဘာတဝှမ်းလုံးက ပြည်သူ လူထုကြီးက A သက်နဲ့ရင်းပြီး ထမ်းဆောင်ခဲ့ကြပါတယ်။ မတရားတဲ့ A ာဏာရှင် A စိုးရများစွာဟာ လူထုကြီးရဲ့ Political Violence တွေကြောင့် A ာဏာကို စွန့်လွှတ်ခဲ့ကြရပါတယ်။ Political Violence တွေကြောင့် A မေရိကန် တော်လှန်ရေးကြီး ဖြစ်ပွားလာခဲ့ပါတယ်။ Thomas Jefferson က တော်လှန်ပုန်ကန်မှုဆိုတာ A စိုးရတရပ်ရဲ့ ကျန်းမာရေး တိုးတက် ကောင်းမွန်မှုA တွက် လိုA ပ်တဲ့ ဆေးဝါး ဖြစ်တယ်လို့ ဆိုထားခဲ့ဖူးပါတယ်။

utilitarianism နဲ့ ပတ်သက်ရင် ဆရာတဆူဖြစ်တဲ့ John Stuart Mill ကလဲ political violence ဆိုတာကို ဖြစ်ပေါ်လာတဲ့ A ခြေA နေတရပ်မှာ ကျင့်ဝတ်A ားဖြင့် ဘယ်လောက်မှန်ကန်တယ်ဆိုတဲ့ balance of reason ပေါ်မှာ မူတည်ပြီး justify လုပ်နိုင်ကြောင်း ဆိုခဲ့ပါတယ်။ တကယ်လို့ A စိုးရတရပ်ဟာ ပြည်သူလူထုရဲ့ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်နဲ့ လွတ်လပ်စွာ ပြောဆိုခွင့်တွေကို ပိတ်ပင်နေပြီဆိုရင်၊ လူထုရဲ့ A မြင်နဲ့ သဘောထားတွေကို လျစ်လျူပြုနေပြီဆိုရင် ဒီလို A ခြေA နေမျိုးမှာ လူထုA နေနဲ့ political violence ကို A သုံးပြုပြီး တော်လှန်ရမှာဖြစ်တယ်ဆိုတဲ့ သဘောတရားကို ပေါ်လွင်ေA ာင် ရေးသားထားခဲ့ပါတယ်။ Political Violence ကို A သုံးပြုရာမှာ တရားမျှတမှုရှိမရှိ ဆိုတဲ့ A ချက်နဲ့ ေA ာင်ပွဲA တွက် ဖြစ်နိုင်ချေရှိမှု နှစ်ခုကို ကြည့်ပြီး justify လုပ်ဖို့ ဆိုထားခဲ့ပါတယ်။

Commentator Robert Audi ကတော့ တခြား ငြိမ်းချမ်းရေး နည်းလမ်းများကို ဘယ်လိုမှ A သုံးပြုလို့ မရနိုင်တော့တဲ့ A ဆုံးမှာ Political Violence ကို နောက်ဆုံးနည်းလမ်းA နေနဲ့ A သုံးပြုဖို့ လိုA ပ်တယ်လို့ ဆိုထားခဲ့ပါတယ်။ သူက နိုင်ငံရေး A ဖွဲ့A စည်းတခုဟာ တောင်းဆိုမှု၊ A သနားခံမှုတွေ ဘာမှကို ထပ်လုပ်လို့ မရနိုင်တော့တဲ့ A ခြေA နေ၊ တောင်းဆိုချက်မှန်သမျှကို လျစ်လျူရှုခံနေရတဲ့ A ခြေA နေ၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေကို A ကြမ်းဖက် နှိမ်နင်းခံလိုက်ရတဲ့ A ခြေA နေတွေမှာ လက်နက်ကိုင် တော်လှန်ရေးတွေ၊ ပုန်ကန် တော်လှန်မှုတွေ ပြုလုပ်တဲ့ တော်လှန်ရေး လမ်းကြောင်းတခုပေါ်ကို တက်ရောက်မှသာ ေA ာင်ပွဲခံနိုင်မယ်လို့ ဆိုထားခဲ့ပါတယ်။ A ာဏာရှင် A စိုးရတွေကို သံတမန်နည်းလမ်း၊ သာမန် တောင်းဆိုချက် နိုင်ငံရေးနည်းလမ်းတွေနဲ့တော့ ေA ာင်မြင်ေA ာင် ဆန့်ကျင်နိုင်မှာ မဟုတ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ဒီလို တွေးခေါ်ပညာရှင်တွေ A ပါA ဝင် ကမ္ဘာ့ပြည်သူလူထုဟာ Political Violence A မျိုးA စားတွေဖြစ်တဲ့ လက်နက်ကိုင်တော်လှန်ရေးတွေ၊ သူပုန်ထမှုတွေ၊ A မျိုးသားလွတ်မြောက်ရေး တိုက်ပွဲတွေ၊ လူထုတိုက်ပွဲတွေကို A ဖိနှိပ်ခံပြည်သူတွေက ဖိနှိပ်တဲ့ A ာဏာရှင်တွေကို ပုန်ကန်မှုတွေA နေနဲ့ တခဲနက် ထောက်ခံA ားပေးခဲ့ကြပါတယ်။ A ဖိနှိပ်ခံရတဲ့ ပြည်သူတွေဘက်က ရပ်တည်တဲ့ Non-State actors တော်လှန်ရေးA ဖွဲ့A စည်းတွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမယ့်လဲ နိုင်ငံရေးA မြော်A မြင် မရှိတဲ့ တော်လှန်ရေး A ဖွဲ့A စည်း တချို့ဟာ မကျူးလွန်သင့်တဲ့ ရာဇဝတ်မှုတွေကို စတင် ပြုလုပ်လာကြပါတော့တယ်။ မိမိတို့ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ A သက်A ိုးA ိမ်စည်းစိမ်ကို တိုက်ရိုက်ထိပါးစေတဲ့ ဗုံးဖောက်ခွဲမှုတွေ၊ ပစ်ခတ်သတ်ဖြတ်မှုတွေ၊ စစ်ပွဲမှာတောင် ရှောင်ရှားရမယ့် ပစ်မှတ်တွေဖြစ်တဲ့ ဆေးရုံ၊ ကျောင်းစတာတွေကို စီးနင်းမှုတွေ၊ A များပြည်သူ A သုံးပြုတဲ့ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းတွေကို တိုက်ခိုက်မှုတွေ ဖြစ်ပွားလာပါတယ်။

ဒီလို လုပ်ဆောင်လာမှုတွေမှာ Political Frustration ကြောင့် ပေါ်ထွက်သွားတဲ့ တိုက်ခိုက်မှုတွေသာမက အဖွဲ့အစည်းရဲ့ အမည်ကို လူသိထင်ရှားဖြစ်စေလိုမှု၊ ခေါင်းဆောင်အမည် နာမည်ကျော်ကြားလိုမှုနဲ့ ဒီလို မတည်မငြိမ်ဖြစ်မှုတွေကနေ အုပ်ချုပ်ရေးယန္တရားကို ပျက်ယွင်းစေလိုမှု စတဲ့ ရည်ရွယ်ချက်တွေပါ ပါဝင်လာကြပါတယ်။ ဒါတွေဟာ (၁၉၇၀) နှောင်းပိုင်း ကာလတွေမှာ ကမ္ဘာနဲ့အဝှမ်းမှာ ဖြစ်ပွားခဲ့တဲ့ စစ်အာဏာသိမ်းမှုတွေ၊ လက်နက်ကိုင်တော်လှန်ရေး ရေချိန် နိမ့်တုန်မြင့်တုန် ဖြစ်ကုန်မှုတွေနဲ့ တော်လှန်ရေးလမ်းစဉ်တွေကို လူထုက အပြည့်အဝ ထောက်ခံ ပါဝင်မှု လျော့ပါးလာမှုတွေရဲ့ နိဒါန်း အစပါပဲ။ တော်လှန်ရေးနဲ့ အကြမ်းဖက်မှုကို ဝေဝေဝါးဝါးနဲ့ နားလည်မှုတွေ ရှုပ်ထွေးကုန်ကြပါတယ်။ တော်လှန်ရေးသမားတွေကို အကြမ်းဖက်သမားတွေလို့ တံဆိပ်ကပ် ချေမှုန်းနိုင်ခွင့်ကို အာဏာရှင်တွေကို သွားပေးလိုက်သလို ဖြစ်ကုန်ပြီး၊ အာဏာရှင်တွေက ဦးဆောင်ပြုလုပ်တဲ့ ရွေးကောက်ခံ အာဏာရှင်စနစ် (electoral authoritarianism) တွေ သက်ဆိုးရှည်ရေးအတွက် အထောက်အကူ ပေးလိုက်သလိုတွေ ဖြစ်ကုန်ပါတော့တယ်။

တချို့တော်လှန်ရေးအဖွဲ့အစည်းတွေကျတော့ Media attention ရအောင်ဆိုပြီး နိုင်ငံတကာ လေကြောင်းလိုင်းတွေက လေယာဉ်တွေကို ပြန်ပေးဆွဲတာတွေ၊ သံရုံးတွေကို ဝင်ရောက်စီးနင်းမှုတွေ၊ တိုက်ခိုက်မှုတွေကိုပါ ပြုလုပ်လာကြပြန် ပါတော့တယ်။ ဒီလုပ်ရပ်တွေဟာ တော်လှန်ရေးတရပ်ရဲ့ ခြေလှမ်းတွေကို တခါတည်း တုံ့ဆွဲလိုက်သလို ဖြစ်သွားပါတယ်။ အိမ်တအိမ်မှာ အဖေက အရက်မူးပြီး သောင်းကျန်းနှိပ်စက်တဲ့ ဒဏ်ကို နှစ်ပေါင်းများစွာ ခံနေရတဲ့ အမေကို လူတွေက ကိုယ်ချင်းစာသနားကြ စမြဲပါပဲ။ ဒါပေမယ့် ဒီအမေက အဖေ့ဒေါသအောက်မှာ ပြားပြားဝပ်နေတဲ့ မျက်စိသူငယ်၊ နားသူငယ် ကလေးလေးကို မဆီမဆိုင် သွားရိုက်တဲ့အခါ ဒီဖြစ်ရပ်အပေါ်မှာ ရှုမြင်သူ နှစ်မျိုးပေါ်ထွက်လာပါတယ်။ ဒါကို အမေ့ရဲ့ အမှားလို့ တွက်သူက တွက်ပြီး၊ အမေက ဘယ်လောက်ခံစားနေရလဲ ဆိုတာကိုကော နားမလည်ပေးနိုင်ဘူးလားလို့ ယူဆသူတွေက ယူဆတာမျိုးပါ။ အမေ့ရဲ့ ဒုက္ခကို လူတွေက ခံစားနားလည်ပေးပြီး အဖေဖြစ်သူရဲ့ အမှားလို့သာ လူတွေက တွက်ဆနေချိန်မှာ အမေဖြစ်သူရဲ့ တာဝန်က အဖေ့ဒေါသ စက်ကွင်း ကလေးငယ်လေးဆီ မကျရောက်အောင် တတ်နိုင်သမျှလေး ကာကွယ်ပေးရမယ့် အခြေအနေမျိုးပါ။

ဒါကို အမေမပီသပဲ မိမိရဲ့ ဒုက္ခကို ကလေးဆီကိုပါ ထပ်မျှဝေပေးလိုက်တာကတော့ အမေ့အမှား ဖြစ်သွားပါပြီ။ ဒါကြောင့် အဖေ့လုပ်ရပ်ကိုလဲ ဆန့်ကျင်သလို အမေ့အမှားကိုလဲ ကန့်ကွက်ရှုတ်ချရမှာပဲ ဖြစ်ပါတယ်။ ဒီကြားထဲ အမေဖြစ်သူက သူ့ရဲ့ ဒုက္ခတွေကို လူအများသိစေဖို့ လမ်းမပေါ်ထွက်ပြီး တုတ်တချောင်းနဲ့ တွေ့သမျှကလေး လိုက်ရိုက်နေရင်တော့ ရပ်ကွက်အနေနဲ့က အဖေ့လုပ်ရပ်တွေ ဆန့်ကျင်ရေးထက် အမေ့ကို နှိမ်နင်း ထိန်းချုပ်ရေးကိုပဲ ဦးစားပေးလာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အကြမ်းဖက်မှုနှိမ်နင်း တိုက်ဖျက်ရေးကို ဦးစားပေး လုပ်ငန်းဆောင်တာ အဖြစ် ထည့်သွင်းလာကြတာဟာ ဒီသဘောပါပဲ။ ဒါကြောင့် အမှန်ကနေ အမှား မဖြစ်သွားစေဖို့ တော်လှန်ရေးအဖွဲ့အစည်း ခေါင်းဆောင်တွေ အပါအဝင် တော်လှန်ရေး သမားတိုင်းမှာ တာဝန်ရှိပါတယ်။

တော်လှန်ရေးသမားတယောက်ဟာ အရပ်သား ပြည်သူလူထုကို တိုက်ခိုက်ပြီဆိုတာနဲ့ အကြမ်းဖက်သမား ဖြစ်သွားပါတယ်။ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း တရပ်ဟာ ပြည်သူလူထုကို ပစ်မှတ်အဖြစ် ထားပြီး တိုက်ခိုက်တာတွေ၊ ရန်သူချေမှုန်းရေးမှာ ပြည်သူအများ သေကြေပျက်စီးစေနိုင်တဲ့ နည်းလမ်းတွေကို အသုံးပြုတာနဲ့ ဒီတော်လှန်ရေးအဖွဲ့အစည်းဟာ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်သွားပါတယ်။ ဒီလိုပါပဲ။ အစိုးရတရပ်ဟာလဲ ပြည်သူလူထုကို သတ်ဖြတ်နှိပ်စက်တာ၊ လူထုတိုက်ပွဲတွေကို အကြမ်းဖက် နှိမ်နင်းတာနဲ့ ဒီအစိုးရဟာ နိုင်ငံတော်အကြမ်းဖက်မှုတွေ ကျူးလွန်တဲ့ အကြမ်းဖက် အစိုးရ ဖြစ်သွားပါတယ်။ ဒီလို အကြမ်းဖက် တော်လှန်ရေးအဖွဲ့အစည်းတွေ၊ အကြမ်းဖက် နိုင်ငံတော်အစိုးရတွေကို စစ်မှန်တဲ့ တော်

လုန်ရေး သမားတွေ အပါအဝင် ပြည်သူလူထု တရပ်လုံးက ဆန့်ကျင်ကြရမှာ ဖြစ်ပါတယ်။ အခုဆက်လက်ပြီး Terrorist Propaganda of Justification အကြောင်းကို ဆက်လက် တင်ပြပါမယ်။

## Terrorist Propaganda of Justification

နိုင်ငံရေး ပညာရှင် ဒေါက်တာ မောရစ်တာ့ခ်ဝဲလ် ဆိုသူက ကမ္ဘာတဝှမ်းမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေနဲ့ ဆက်စပ်နေတဲ့ အကြမ်းဖက်သမားတွေနဲ့ အကြမ်းဖက်မှုကို ထောက်ခံသူတွေ သုံးလေ့ရှိတဲ့ ဝါဒဖြန့်ချိရေးတွေကို လေ့လာကြည့်ရာမှာ အကြမ်းဖက် လုပ်ရပ်တွေအပေါ် justification လုပ်ပြတဲ့ အချက်သုံးချက်ကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီအချက် သုံးချက်ကတော့ ....

- တို့တတွေဟာ တော်လှန်ရေးသမားတွေဖြစ်တယ်။ ပြည်သူလူထုရဲ့ လွတ်မြောက်ရေးကို ဆောင်ကျဉ်းပေးနိုင်ဖို့ ပြည်သူ့ရန်သူတွေကို နှိမ်နင်းနေတာဖြစ်တယ်။ ဒီအတွက် တော်လှန်ရေး လှုပ်ရှားမှုကာလမှာ ပြည်သူ့ရန်သူတွေကို ချေမှုန်းတဲ့ ဘယ်လို လုပ်ငန်းစဉ်မျိုးကို မဆို လူထုက ထောက်ခံရမှာ ဖြစ်တယ်။
- တို့တတွေဟာ ပြည်သူ့ရန်သူနဲ့ အပေါင်းအပါတွေကို တော်လှန်တိုက်ပွဲဝင်နေတာ ဖြစ်တယ်။ ဒီလို တော်လှန်ရေးမှာ လူထုတရပ်လုံးက ပူးပေါင်းပါဝင်ရမယ်။ ရန်သူတွေကို ပေါင်းသင်းဆက်ဆံရေး မလုပ်ရဘူး။ ရန်သူကို ချေမှုန်းရင်းနဲ့ ရန်သူ့အသိုင်းအဝိုင်းနဲ့ နီးစပ်သူတွေပါ ထိခိုက်သွားရင် တာဝန်မယူဘူး။
- တို့တတွေဟာ ဖိနှိပ်တဲ့ အာဏာရှင်ကို တော်လှန်တိုက်ခိုက်နေကြတာ ဖြစ်တယ်။ ဒါကြောင့် ကြားနေတာကို လက်မခံနိုင်ဘူး။ ငါတို့နဲ့ ပူးပေါင်းပြီး ရန်သူကို တိုက်ရမယ်။ ငါတို့နဲ့ မပူးပေါင်းရင် ရန်သူ့လူလို့ သတ်မှတ်မယ်။ ရန်သူကို မတိုက်ပဲ ကြားမှာ နေသူတွေကို တော်လှန်ရေးအပေါ် မထောက်ခံသူတွေလို့ သတ်မှတ်မယ်။ ဒီလိုလူတွေ တော်လှန်ရေးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိလာအောင်၊ ခံစားနားလည်တတ်လာအောင် အကြမ်းဖက်နည်းလမ်းတွေနဲ့ နှိုးဆွပေးဖို့ လိုတယ်။

ဒီအချက်သုံးချက်ဟာ တော်လှန်ရေးသမားတွေ အကြမ်းဖက်မှုကို လက်ခံကျူးလွန် လာစေတဲ့ အတွေးအခေါ်၊ အယူအဆများတွေ ဖြစ်ပါတယ်။ နိုင်ငံရေးပညာရှင် Paul Wilkinson ဆိုသူကလဲ တတိယအချက်ဖြစ်တဲ့ ရန်၊ ငါ ပြဿနာဟာ တော်လှန်ရေးသမားတွေကို လူထုအပေါ် အညှာအတာမရှိ အကြမ်းဖက်မှုကျူးလွန်အောင် လှုံ့ဆော်ပေးလိုက်တဲ့ ပြဿနာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

အကြမ်းဖက်သမားတွေနဲ့ အကြမ်းဖက်မှုကို ထောက်ခံသူတွေက ဒီ ရန်၊ ငါဆိုတဲ့ စကားလုံးကို Terrorist Propaganda of Justification အနေနဲ့ အသုံးပြုတတ်ကြပါတယ်။ တော်လှန်ရေးသမားတွေက ပြုလုပ်တဲ့ အကြမ်းဖက်မှုတရပ်မှာ ပြည်သူလူထုကို ထိခိုက်စေတာ မှန်ပေမယ့် တဘက်ရန်သူကို နှိမ်နင်းနိုင်တယ်ဆိုရင် အောင်ပွဲလို့ သတ်မှတ်ရမယ်၊ ပြည်သူလူထုကြီး အနေနဲ့ ဒီလိုထိခိုက်မှုတွေ ဆက်မဖြစ်စေချင်ရင် တော်လှန်ရေးထဲ ပါလာရမယ် ဆိုတဲ့ အယူအဆတရပ်ပါ။ ဒီအယူအဆဟာ အလွန် အန္တရာယ်ကြီးမားပြီး တော်လှန်ရေးလှေကို ဝမ်းဗိုက်ကနေ ထိုးခွဲချ၊ မြုပ်ပစ်လိုက်နိုင်တဲ့ အယူအဆမျိုးပါ။ တော်လှန်ရေးတရပ်ရဲ့ လူထုထောက်ခံမှု မဏ္ဍိုင်ကို ရိုက်ချိုးဖျက်ဆီးပစ်လိုက် နိုင်ပါတယ်။

တော်လှန်ရေးသမားဆိုတာကလဲ အဖိနှိပ်ခံ ပြည်သူလူထုထဲကနေမှ မွေးဖွားလာတာ ဖြစ်ပါတယ်။ အဖိနှိပ်ခံ ပြည်သူဘက်ကနေ ရပ်တည်ပြီး ဖိနှိပ်တဲ့ အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုနဲ့အတူ လက်တွဲတော်လှန်ဖို့ တော်လှန်ရေးသမား လူတန်းစား

တရပ် ထွက်ပေါ်လာ တာဖြစ်ပါတယ်။ လူထုကို ဒီလို အကြမ်းဖက်မှုတွေနဲ့ အကြောက်တရားသွင်းပြီး စည်းရုံးရေး လုပ်လို့ မရပါ။ ဒီလုပ်ရပ်တွေဟာ လူထုနဲ့ တော်လှန်ရေးကို ကင်းကွာသွားစေနိုင်ပါတယ်။

ပြည်သူလူထုရဲ့ အနာဂတ်ကြမ္မာကို ဖန်တီးပေးနိုင်မယ့် တော်လှန်ရေးဆိုတာ ရေကန်ထဲမှာ ပွင့်လန်းလာတဲ့ ကြာပန်းလေး တပွင့်ပါ။ ဒီလိုအခါမှာ ဒီရေကန်ကို ခန်းခြောက်အောင် လုပ်သူတွေ၊ ဒီရေကန်ကို ညစ်နွမ်းအောင်၊ သွေးစွန်းအောင် လုပ်သူတွေဟာ တော်လှန်ရေးသမားတွေရဲ့ ရန်သူတွေပဲ ဖြစ်ပါတယ်။ ရန်၊ ငါ စည်းပြတ်ရမယ်ဆိုတာ တော်လှန်ရေးသမား အချင်းချင်း ပုလင်းတူ၊ ဘူးစို့ လုပ်ပြီး၊ အချင်းချင်း ကာကွယ်ပေးဖို့ကို ဆိုလိုတာ မဟုတ်ပါ။ ပြည်သူလူထုကို ဒုက္ခပေးမယ့် ရန်သူတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်ရဲတဲ့ တော်လှန်ရေး သစ္စာတရား ရှိခြင်းကို ဆိုလိုပါတယ်။ တော်လှန်ရေး သစ္စာတရားဆိုတာ တော်လှန်ရေးသမား အချင်းချင်း သစ္စာစောင့်သိမှုကို ဆိုတာမဟုတ်ပါ။ ပြည်သူလူထုအပေါ်မှာ ထားရှိတဲ့ တော်လှန်ရေး သစ္စာတရားကို ဆိုလိုတာ ဖြစ်ပါတယ်။ ပြည်သူလူထုကို အန္တရာယ်ဖြစ်စေတဲ့ လုပ်ရပ်ဆိုရင် တော်လှန်ရေးသမား တယောက်ဟာ ရန်ငါ စည်းပြတ်ပြီး ပြတ်ပြတ်သားသား ကန့်ကွက်ရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရန်၊ ငါ စည်းဆိုတဲ့ စကားလုံးကို Terrorist Propaganda of Justification အနေနဲ့ အသုံးချလာတဲ့အခါ ဒါကို လူထုရှေ့က ရပ်တည်တဲ့ တော်လှန်ရေးသမားတွေက ကန့်ကွက်ရှုတ်ချရမှာပဲ ဖြစ်ပါတယ်။

အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ justification တွေမှာ အကြမ်းဖက်မှုဆိုတာကို တော်လှန်ရေး သမားတွေနဲ့ လူထုက လက်ခံလာအောင် ဒီလိုနည်းတွေနဲ့ justification လုပ်နေတာတွေ ရှိသလို၊ တော်လှန်ရေးသမားတွေ ကိုယ်တိုင်က အကြမ်းဖက်မှုဆိုတာ တော်လှန်ရေးတရပ်ရဲ့ Political Ends အတွက် အသုံးပြုရမယ့် Means တရပ်အနေနဲ့ လက်ခံကျင့်သုံးလာစေတဲ့ Justification တွေလဲ ရှိပါသေးတယ်။ ပညာရှင်အများစု အာရုံစိုက်တာကတော့ Thrasymachan Justification ပဲ ဖြစ်ပါတယ်။ တော်လှန်ရေးသမားတွေကို သင်ကြား ပို့ချတဲ့ နိုင်ငံရေး သဘောတရားရေးရာ သင်တန်းတွေအထိ ပါဝင်နေတတ်တာ ဖြစ်တဲ့အတွက် အထူးသတိထားရမယ့် အချက်တရပ်ပါ။ လက်ခံ အသုံးချမိတာနဲ့ တော်လှန်ရေးရဲ့ political goals တွေနဲ့ တစတစ ဝေးကွာသွားစေနိုင်သလို၊ အပြစ်မဲ့ ပြည်သူအများကိုလဲ ဒုက္ခရောက်စေတော့တာပါပဲ။

## Thrasymachan Justification for Terrorism

နိုင်ငံရေး၊ ဘာသာရေး အစွန်းရောက်နေသူတွေဟာ ဥပဒေကြောင်းအရ၊ ကိုယ်ကျင့်တရားအရ အကြမ်းဖက်မှုကို ကန့်ကွက်ဆန့်ကျင်တာတွေကို လက်ခံစဉ်းစားလေ့မရှိကြပါဘူး။ သူတို့က ဒါတွေကို ရန်သူကို ထောက်ခံနေ သူတွေကသာ အကြမ်းဖက်မှုကို ဆန့်ကျင်တယ်လို့ အထင် ရောက်တတ်ကြပြီး အကြမ်းဖက်မှုကို ကန့်ကွက် ဆန့်ကျင်သူတွေကို ရန်သူ့ဘက်တော်သားတွေအနေနဲ့ သတ်မှတ် စွပ်စွဲတတ်ကြပါတယ်။ အကြမ်းဖက်မှုကြောင့် လူအများကြားမှာ climate of fear ပျံ့နှံ့လာပြီး နိုင်ငံရေးအကျပ်အတည်းတွေကို ဖောက်ထွက်နိုင်မယ့် political outrage ကို ဖန်တီးနိုင်မယ်လို့လဲ ယူဆထားလေ့ ရှိကြပါတယ်။ ဒါကြောင့် အကြမ်းဖက်မှုကို ဆန့်ကျင်တာဟာ ဒီလို political outrage ဖန်တီးနိုင်မယ့် အခွင့်အလမ်းတွေကို နှောင့်နှေးအောင် လုပ်တာလို့ ထင်မြင် စွပ်စွဲတတ် ကြပါတယ်။ ဒီလို တွေးခေါ်ယူဆချက်တွေ၊ ထင်မြင် စွပ်စွဲမှုတွေဟာ Thrasy - machan Justification အပေါ်မှာ သက်ဝင်ယုံကြည်နေလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးသင်တန်းတွေ၊ ခေါင်းဆောင်တွေရဲ့ နှုတ်မြွက်စကားတွေမှာ Thrasymachan Justification သဏ္ဍာန်တွေ ပါဝင်လာပြီဆိုရင် ကြောက်မက်ဖွယ်ရာ သမိုင်းနိဒါန်းတွေ စလာတော့မယ်လို့ ဆိုနိုင်ပါတယ်။ Thrasymachan Justification မှာ သဏ္ဍာန်ကြီးနှစ်ခု ရှိပါတယ်။ ပထမသဏ္ဍာန်က အကြမ်းဖက်မှုဆိုတာ တော်လှန်ရေး ရှိနေကြောင်းကို ဖော်ကျူးနေတဲ့ ပြယုဂ်တခုဖြစ်တယ်။ တော်လှန်ရေးကို လူအများက သိရှိလာဖို့၊ လက်ခံယုံကြည်လာဖို့၊ လူအများရဲ့ စိတ်ဓာတ်တွေ နိုးကြားတက်ကြွလာဖို့အတွက် လူအများ သတိပြုမိနိုင်မယ့် အ

ချိန် ကာလတွေ၊ နေရာတွေမှာ အကြမ်းဖက်လုပ်ရပ်တွေကို ပြုလုပ်ဖို့ လိုအပ်တယ်။ ဒီလို လုပ်လိုက်ခြင်းအားဖြင့် ရန်သူကို အားပျော့သွားအောင်၊ စိတ် အနှောင့်အယှက် ဖြစ်အောင်၊ ရန်သူရဲ့ အားနည်းချက်ကို လူအများ သိလာအောင် လုပ်နိုင်မယ်။ လူတွေ အကြားမှာ အကြောက်တရားတွေ ပျံ့နှံ့လာပြီး ၊ ဘက်တခုမှာ ရပ်တည်မှ ဖြစ်တော့မယ်လို့ ယူဆချက်တွေ ပေါ်ထွန်းလာမယ်၊ တော်လှန်ရေးနဲ့ ပူးပေါင်းလာကြမယ် ဆိုတဲ့ သဏ္ဍာန်ပါ။ ရန်သူရဲ့ အုပ်ချုပ်ရေးယန္တရားကို မဖြိုဖျက်နိုင်ခင်မှာ ရေတိုအနေနဲ့ အကြမ်းဖက်မှုတွေ သုံးဖို့ လိုအပ်တယ်လို့ ဒီသဏ္ဍာန်ကို လက်ခံသူတွေက ပြောဆိုစည်းရုံးတတ်ပါတယ်။

ဒုတိယသဏ္ဍာန်ကတော့ ပိုပြီး ကြောက်မက်ဖွယ်ကောင်းပါတယ်။ အကြမ်းဖက်မှုဆိုတာကို တော်လှန်ရေးရဲ့ လက်နက်တခုအနေနဲ့ အသုံးပြုခြင်း ဖြစ်ပါတယ်။ တဘက်ရန်သူဟာ အားသာပြီး၊ တော်လှန်ရေးသမားတွေက အားနည်းသူတွေဖြစ်တဲ့အတွက် အကြမ်းဖက်မှုကို စစ်ပွဲရဲ့ လက်နက်တခုအနေနဲ့ အသုံးပြုရမှာဖြစ်ပြီး၊ ဒီလိုအကြမ်းဖက်မှုမှာ သေဆုံးသွားသူတွေဟာလဲ စစ်ပွဲရဲ့ ဘေးထွက်ဆိုးကျိုးသာ ဖြစ်တယ်ဆိုတဲ့ သဏ္ဍာန်တခုပါ။

ဘယ်လိုပဲ ဖြစ်ဖြစ် တော်လှန်ရေးသမားတွေဟာ ဒီသဏ္ဍာန် တမျိုးမျိုးကို လက်ခံလာပြီဆိုတာနဲ့ အကြမ်းဖက် စည်းဘောင်ကို ကျော်ဖို့ ဝန်မလေးတော့ပဲ ဖြစ်လာတတ်ပါတယ်။ ဒါတွေဟာ လူ့အဖွဲ့အစည်းက လက်မခံနိုင်တဲ့ အတွေးအခေါ်တွေ ဖြစ်ပါတယ်။ ဒီအတွေးအခေါ်တွေ လူထုကြားကို ပျံ့နှံ့လာတဲ့အခါ လူထုဟာ သူတို့ဘာသာ သူတို့ သားကောင်ဘဝကို ရောက်နေသူတွေလို့ ထင်မြင် ယူဆတတ် သွားပါတယ်။ တော်လှန်ရေးသမားတွေကို လူထုအတွက် ရှေ့ကနေ မားမားမတ်မတ်တိုက်ပွဲဝင်နေသူတွေလို့ မယူဆတော့ပဲ အာဏာရရှိရေးအတွက် နှစ်ဘက်အဖွဲ့အစည်း တိုက်ခိုက်နေကြတာမှာ လူထုက မြေစာပင်တွေ့ဖြစ်လာတယ်လို့ ထင်မြင်သွားပါတော့တယ်။ အဲဒီအခါမှာ လူထုနဲ့ တော်လှန်ရေး ဝေးကွာသွားပါတယ်။

တော်လှန်ရေးမှာလဲ အစွန်းရောက် (radicals) တွေနဲ့ moderates တွေ ကွဲထွက်သွားပါတယ်။ radicals တွေက အင်အားကြီးမားနေတဲ့အခါ moderates တွေ ဘေးထွက်ထိုင်ကြပါတော့တယ်။ တော်လှန်ရေး အင်အားစုတွေ စတင် ပြိုလဲကုန်ပါတယ်။ လူထုစည်းရုံးရေး လုပ်ငန်းစဉ်ကို ထိခိုက်လာပါတယ်။ ဒါကြောင့်လဲ အကြမ်းဖက်မှုကို ရေတိုပြယုဂ်အနေနဲ့ အသုံးပြုလိုက်တဲ့ တော်လှန်ရေးပဲဖြစ်ဖြစ်၊ ရေရှည် လက်နက်တခုအနေနဲ့ ကိုင်စွဲထားတဲ့ တော်လှန်ရေးပဲဖြစ်ဖြစ် မူလတော်လှန်ရေး ရည်မှန်းချက်ဖြစ်တဲ့ အာဏာရှင်စနစ် ဖယ်ရှားရေး (သို့မဟုတ်) ကျူးကျော်တဲ့ အစိုးရ ပြန်ထွက်သွားရေး (သို့မဟုတ်) လူမျိုးရေး၊ ဘာသာရေး တန်းတူညီမျှခွင့် ရရှိရေး စတာတွေကို ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ပဲ ဖြစ်သွားကြတော့တာ ဖြစ်ပါတယ်။

Thrasymachan Justification ရဲ့ အရေးကြီးဆုံး အားနည်းချက် တခုကတော့ အကြမ်းဖက်မှုဆိုတာကို တော်လှန်ရေးနဲ့ တွဲစပ်ထားခြင်းပါပဲ။ အကြမ်းဖက်မှုမပါပဲ ဆင်နွှဲနိုင်ခဲ့တဲ့ လူထုတိုက်ပွဲတွေ၊ လက်နက်ကိုင်တော်လှန်ရေးတွေ၊ အထွေထွေ သပိတ်ကြီးတွေကြောင့် တော်လှန်ရေး ရည်မှန်းချက်တွေ ပြည့်ပြည့်ဝဝ အကောင်အထည် ဖော်နိုင်ခဲ့တာတွေ ကမ္ဘာမှာ အများကြီးပဲ ဖြစ်ပါတယ်။ အကြမ်းဖက်မှုကို တွဲစပ်လိုက်မှသာ တော်လှန်ရေးသမားတွေဟာ hostes humani generis တွေ ဖြစ်ကုန် ကြတာပါ။ ဘယ်လို လူ့အဖွဲ့အစည်းမျိုးကမဆို ဒီလို scourge ကို ဆန့်ကျင်ကြပါတယ်။

## နိဂုံး

ချုပ်၍ ဆိုရရင် အကြမ်းဖက်မှုဆိုတာက အပြစ်မဲ့ ပြည်သူတွေကို ထိခိုက် ပျက်စီးစေခြင်း၊ တဘက်ရန်သူ အပြစ်ရှိသူတွေကို ချေမှုန်းတယ်ဆိုရာမှာလဲ အပြစ်မဲ့ ပြည်သူလူထုကိုပါ ဘေးထွက်ဆိုးကျိုးအဖြစ် ထိခိုက်စေခြင်း၊ လူထုအကြားမှာ အကြောက်

တရား ပျံ့ပွားလာစေပြီး လူ့အဖွဲ့အစည်း လုံခြုံရေး (Societal Security)ကို ခြိမ်းခြောက်ခြင်း စတဲ့ သဘောလက္ခဏာတွေ ဆောင်တာ ဖြစ်တဲ့အတွက် လူတွေရဲ့ ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး (Freedom from fear) လူ့အခွင့်အရေးကို တိုက်ရိုက်ခြိမ်းခြောက်မှုလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် လူထုနဲ့ တသားတည်းရှိနေတဲ့ တော်လှန်ရေးသမားတွေဟာ လူ့အခွင့်အရေးကို ခြိမ်းခြောက်လာတဲ့ အကြမ်းဖက်မှုကို ရေတိုလုံ့ဆော်ရေးယန္တရား၊ ရေရှည် တော်လှန်ရေး လက်နက်တွေအနေနဲ့ အသုံးပြုမှုကို ရှောင်ကြဉ် ကြရမှာ ဖြစ်ပါတယ်။

တခါတရံမှာ အာဏာရှင်အစိုးရတွေက အကြမ်းဖက်မှုတွေကို တမင်ပြုလုပ်ပြီး လူထုနဲ့ တော်လှန်ရေးကို အဆက်ပြတ်သွားအောင် ပြုလုပ်လာတာတွေလဲ ရှိတတ်ပါတယ်။ ဒီလိုပြုလုပ်မှုတွေမှာ ရန်သူ့လူတွေ ထိခိုက်မှုတွေကို အကြောင်းပြုပြီး အကြမ်းဖက်မှုတွေကို Justification သွားမလုပ်မိဖို့ကိုလဲ တော်လှန်ရေးသမားတွေက အထူးပဲ ရှောင်ကြဉ်ရပါမယ်။ ဒီလို လုပ်လိုက်တာနဲ့ ရန်သူကျင့်သုံးတဲ့ COIN (Counter-Insurgency) ကင်ပိန်းကို အထောက်အကူ ပေးရာရောက်ပြီး ရန်သူ့ထောင်ချောက်ထဲကို ကျသွားတတ်လေ့ရှိပါတယ်။

ဘယ်လိုပဲ ဖြစ်ဖြစ် တော်လှန်ရေးဆင်နွှဲတယ်ဆိုတာ လမ်းဘေးမှာ အရက်မူးနေတဲ့ အရက်သမားနှစ်ယောက် ရန်ဖြစ်နေတာ မဟုတ်ပါဘူး။ တဘက်နဲ့ တဘက် အပြန်အလှန် ခွပ်နေကြတာကို လက်ခုပ်လက်ဝါးတီးပြီး ထိုင်အော်နေရမယ့် ကြက်ပွဲလဲ မဟုတ်ပါဘူး။ မတရားမှုတွေ ဥပဒေဖြစ်လာတာကို တော်လှန်ပုန်ကန်ကြရင်း တော်လှန်ရေး အင်အားစုတွေဟာ ပြည်သူထဲကနေ ပေါ်ပေါက်လာကြတာ ဖြစ်ပါတယ်။ ပြည်သူလူထုဟာ တော်လှန်ရေးဆိုတဲ့ ကြာပန်းရဲ့ ရေပြင်ဖြစ်ပါတယ်။ ရေပြင်မှာ သွေးရောင်လွှမ်းတာကို ရန်သူက လုပ်တာဆိုရင် ဆန့်ကျင်မယ်၊ တော်လှန်ရေးသမားက လုပ်တာဆိုရင် Justification လုပ်မယ်ဆိုတဲ့ အတွေးအခေါ်၊ အပြုအမူတွေဟာ တော်လှန်ရေး ကြာပန်းကို တစထက်တစ ညှိုးနွမ်းအောင် လုပ်ဆောင်ချက်တွေသာ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တော်လှန်ရေးသမားများ အပါအဝင် လူ့အဖွဲ့အစည်း တရပ်လုံးက ညီညီညွတ်ညွတ် ကန့်ကွက် ဆန့်ကျင်ကြရ မှာ ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါတယ်။

ခင်မမမျိုး (၂၇၊ ၄၊ ၂၀၁၀)